# ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## ၂၈ ရက်မြောက်နေ့ အစီအစဉ်

## [ ၁၁ - ၁၁ - ၂၀၁၄ ]

## ( အင်္ဂါနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၂၈ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးကံညွန့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ **ပုလဲမြို့နယ် အတွင်းရှိ ကျန်းမာရေးဌာနခွဲများ၏ လိုအပ်ချက်များအား ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဗိုလ်မှူးတင်အောင်မိုး၊ တပ်မတော်သားကိုယ်စားလှယ်၏ **မုံရွာမြို့နယ်၊ ကျွဲရဲ ကျေးရွာအုပ်စုတွင် ကျေးလက်ကျန်းမာရေးဌာန သို့မဟုတ် ကျေးလက် ကျန်းမာရေးဌာနခွဲတစ်ခု ဖွင့်လှစ်ပေးရန်** အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **ဘားအံမြို့နယ်၊ ဒုံရင်းဂွင်ကျေးလက်ဆေးပေးခန်းကို (၁၆)ခုတင်ဆံ့ ဒုံရင်းတိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **မိုင်းပျဉ်း- မက်မန်းကားလမ်းကို ရာသီမရွေးသွားလာနိုင်သည့် ကတ္တရာခင်းလမ်းမကြီးအဖြစ် ပြုလုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **ကလေးမြို့ပေါ်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းတံတားများ တိုးချဲ့တည်ဆောက်ပေးရန်** အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **ဖလမ်းမြို့(၉)လုံးတွဲ အိုးအိမ် အိမ်ရာနေရာတွင် တန်ဖိုးနည်းအိမ်ရာများ တည်ဆောက်ပေးပြီး ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများသို့ ရောင်းချပေးနိုင်ခြင်း** ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **အိမ်ရာမြေကွက် ဖော်ထုတ်ရေးစီမံချက် အောင်မြင်ပြီးမြောက်ရေး ဆက်လက်ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ်၏ မလေးရှားနိုင်ငံတွင် မြန်မာလူမျိုးများကို ရွေးချယ်ပြီး အကြမ်းဖက်သတ်ဖြတ်မှုများကို တားဆီးရန် မည်သို့လုပ်ဆောင်နေသည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာခြင်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၂၈ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ၂၉ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။